# စားသောက်ဆိုင်လုပ်ငန်းဆိုင်ရာ အထူးကျွမ်းကျင်လုပ်သား အမှတ် ၁ ကျွမ်းကျင်မှုစစ်ဆေးရေးစာမေးပွဲ

## ပြည်တွင်းစာမေးပွဲလမ်းညွှန်ချက်

စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ နိုင်ငံခြားသား ကျွမ်းကျင်မှုအကဲဖြတ်ရေးအသင်း

OTAFF

THE ORGANIZATION FOR TECHNICAL SKILL ASSESSMENT OF FOREIGN WORKERS IN FOOD INDUSTRY

# < မာ တိ ကာ >


၁။ အထူးကျွမ်းကျင်လုပ်သားနေထိုင်ခွင့်နှင့် စာမေးပွဲ၏ ရည်ရွယ်ချက်...........၃

၂။ စာမေးပွဲဖြေဆိုရန် လိုအပ်သော အရည်အချင်းများ...........၄

၃။ စာမေးပွဲအမျိုးအစားနှင့် ဖြေဆိုနည်းများ...........၅

၄။ စာမေးပွဲအောင်မြင်မှုအဆင့် သတ်မှတ်ချက်...........၆

၅။ လေ့လာရမည့် ပြဋ္ဌာန်းစာအုပ်များ...........၆

၆။ စာမေးပွဲဖြေဆိုပုံအဆင့်ဆင့်နှင့် အကြိမ်ကြိမ် လျှောက်လွှာတင်မှုကို တားမြစ်ခြင်း...........၇

၇။ စာမေးပွဲကြေး...........၉

၈။ စာမေးပွဲနေ့တွင် ယူလာရမည့်အရာများ...........၉

၉။ စာမေးပွဲနေ့တွင် သတိပြုရမည့်အချက်များနှင့် မသမာမှုများ တားမြစ်ခြင်း...........၁၅

၁၀။ အောင်စာရင်း ကြေညာခြင်းနှင့် အောင်လက်မှတ်...........၁၉

၁၁။ ကိုယ်ရေးအချက်အလက်များ ကိုင်တွယ်စီမံခြင်း...........၂၁

## ၁။ အထူးကျွမ်းကျင်လုပ်သားနေထိုင်ခွင့်နှင့် စာမေးပွဲ၏ ရည်ရွယ်ချက်

၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်အသက်ဝင်သော ပြန်လည်ပြင်ဆင်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည် အသိအမှတ်ပြုရေးဥပဒေနှင့် အညီ "အထူးကျွမ်းကျင်လုပ်သား" ဟု ခေါ်သော နေထိုင်ခွင့်အသစ်ကို ဖန်တီးခဲ့ပါသည်။

"အထူးကျွမ်းကျင်လုပ်သား" နေထိုင်ခွင့်သည် စားသောက်ဆိုင်လုပ်ငန်းကဲ့သို့ ဂျပန်နိုင်ငံတွင် အလုပ်လုပ်မည့်သူ ရှားပါးနေသည့် အလုပ်အကိုင်များတွင် ဖြည့်ဆည်းရန်အတွက် နိုင်ငံခြားတိုင်းပြည်များမှ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို ခေါ်ယူခန့်အပ်သည့်စနစ် ဖြစ်ပါသည်။


စားသောက်ဆိုင်လုပ်ငန်းဆိုင်ရာ အထူးကျွမ်းကျင်လုပ်သား အမှတ် ၁ အမျိုးအစား နေထိုင်ခွင့်ကို ရရှိရန် "လုပ်ငန်း ကျွမ်းကျင်မှုအဆင့်" နှင့် "ဂျပန်ဘာသာစကား ကျွမ်းကျင်မှုအဆင့်" နှစ်ခုလုံးတွင် အရည်အချင်း ပြည့်မီရပါမည်။

"ဂျပန်ဘာသာစကား ကျွမ်းကျင်မှုအဆင့်" ကို ဂျပန်ဖောင်ဒေးရှင်းအသင်း (JF) မှ ကျင်းပသော " ဂျပန်ဘာသာအခြေခံစာမေးပွဲ (JFT-Basic)" သို့မဟုတ် ဂျပန်ဖောင်ဒေးရှင်းအသင်း (TJF) နှင့် နိုင်ငံတကာ ပညာရေးထောက်ပံ့မှု ဂျပန်အသင်း (JESS) မှ ကျင်းပသော "ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)" ဖြင့် ဆုံးဖြတ်ပါမည်။

စားသောက်ဆိုင်လုပ်ငန်းရှိ "လုပ်ငန်းကျွမ်းကျင်မှုအဆင့်" ကို စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ နိုင်ငံခြားသား ကျွမ်းကျင်မှုအကဲဖြတ်ရေးအသင်း (အောက်ပါ စာပိုဒ်များတွင် OTAFF ဟု ခေါ်တွင်မည်) မှ ကျင်းပသော "စားသောက်ဆိုင်လုပ်ငန်းဆိုင်ရာ အထူးကျွမ်းကျင်လုပ်သား အမှတ် ၁ ကျွမ်းကျင်မှုစစ်ဆေးရေးစာမေးပွဲ" ဖြင့် ဆုံးဖြတ်ပါမည်။ (OTAFF သည် စာမေးပွဲအမည်ကို လိုအပ်သလို အတိုချုံး၍ ဖော်ပြတတ်ပါသည်။)

အထူးကျွမ်းကျင်လုပ်သားနေထိုင်ခွင့်ရရှိရေး လျှောက်ထားခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မေးမြန်းလိုလျှင် တရားရေးဝန်ကြီးဌာနလက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းပါ။ OTAFF သည် စားသောက်ဆိုင်လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ အထူးကျွမ်းကျင်လုပ်သား အမှတ် ၁ ကျွမ်းကျင်မှုစစ်ဆေးရေးစာမေးပွဲနှင့် ပတ်သက်သည်မှ လွဲ၍ အခြားမေးခွန်းများကို ဖြေဆိုမည်မဟုတ်ပါ။

**["အထူးကျွမ်းကျင်လုပ်သား အမှတ် ၁ (စားသောက်ဆိုင်လုပ်ငန်း)" နေထိုင်ခွင့် လျှောက်ထားခြင်း]**



## ၂။ စာမေးပွဲဖြေဆိုရန် လိုအပ်သော အရည်အချင်းများ

စားသောက်ဆိုင်လုပ်ငန်းဆိုင်ရာ အထူးကျွမ်းကျင်လုပ်သားစာမေးပွဲကို ဂျပန်နိုင်ငံတွင်း၌ ဖြေဆိုနိုင်သူမည့်သူများမှာ စာမေးပွဲနေ့တွင် က နှင့် ခ ပါ အချက်နှစ်ခုလုံး ကိုက်ညီသူများ ဖြစ်ပါသည်။

က။ နေထိုင်ခွင့် ရှိပြီး (သတိပြုရန် ၁) စာမေးပွဲနေ့တွင် အသက် ၁၇ နှစ်နှင့်အထက် ရှိသူများ။

ခ။ ပြည်နှင်ဒဏ်အမိန့် စီရင်ချမှတ်ရာတွင် အဆင်ပြေချောမွေ့စွာ ပူးပေါင်းလိုက်နာရန်အလို့ငှာ တရားရေးဝန်ကြီးမှ ကြေညာချက် ထုတ်ပြန်၍ သတ်မှတ်ထားသည့် နိုင်ငံခြားတိုင်းပြည်များမှ အစိုးရအဖွဲ့အစည်း သို့မဟုတ် နိုင်ငံခြားဒေသတွင်း အာဏာပိုင်အဖွဲ့အစည်းမှ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ် (သတိပြုရန် ၂) ရှိရမည်။

(သတိပြုရန် ၁) ဂျပန်ဥပဒေများကို လေးစားလိုက်နာပြီး ဂျပန်နိုင်ငံတွင် နေထိုင်လျက် ရှိသူများသည် စာမေးပွဲကို ဖြေဆိုနိုင်ပါသည်။ နေထိုင်ခွင့်ကတ် မရှိသော်လည်း ဥပဒေကို လေးစားလိုက်နာ၍ ဂျပန်နိုင်ငံတွင် ယာယီလည်ပတ်သူနေထိုင်ခွင့်ဖြင့် နေထိုင်လျက် ရှိသူများလည်း စာမေးပွဲကို ဖြေဆိုနိုင်ပါသည်။ ဂျပန်ဥပဒေများကို လေးစားလိုက်နာခြင်း မရှိဘဲ ဂျပန်နိုင်ငံအတွင်း ရှိနေသူ (တရားမဝင်နေထိုင်သူ) သည် စာမေးပွဲကို ဖြေဆိုခွင့် မရှိပါ။

(သတိပြုရန် ၂) လက်ရှိအနေအထားအရ အီရန်နိုင်ငံမှအပ အခြားနိုင်ငံခြားတိုင်းပြည်အစိုးရ သို့မဟုတ် နိုင်ငံခြားဒေသတွင်း အာဏာပိုင်အဖွဲ့အစည်းမှ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများသည် စာမေးပွဲကို ဖြေဆိုနိုင်ပါသည်။

(သတိပြုစေလိုသော အချက်များ)

- ဤစာမေးပွဲကို အောင်သွားလျှင်ပင် "အထူးကျွမ်းကျင်လုပ်သား" နေထိုင်ခွင့်ကို မုချမသွေ ရရှိနိုင်သည်ဟု မဆိုလိုပါ။ စာမေးပွဲ အောင်မြင်ပြီး နေထိုင်ခွင့်အသိအမှတ်ပြုကတ် ထုတ်ပေးရန် သို့မဟုတ် နေထိုင်ခွင့်အမျိုးအစား ပြောင်းလဲရန် လျှောက်ထားလျှင်ပင် နေထိုင်ခွင့်ကတ်ကို မုချမသွေ ရရှိနိုင်သည်ဟု မဆိုလိုပါ။

- နေထိုင်ခွင့်အသိအမှတ်ပြုကတ် ရရှိထားသော်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဗီဇာလျှောက်ထားခြင်းနှင့် ပတ်သက်၍ သီးခြားစိစစ်မည် ဖြစ်သောကြောင့် မုချမသွေ ဗီဇာ ရရှိနိုင်သည်ဟု မဆိုလိုပါ။

## ၃။ စာမေးပွဲအမျိုးအစားနှင့် ဖြေဆိုနည်းများ

(စာမေးပွဲမေးခွန်း အားလုံးကို (ခန်းကျီးစာလုံးတွင် ဖူရိဂါနာ ပါရှိသော) ဂျပန်ဘာသာဖြင့် ရေးသားထားပါသည်။

စာမေးပွဲအမျိုးအစား - ရေးဖြေစာမေးပွဲနှင့် လက်တွေ့စာမေးပွဲ ၂ ပိုင်း　　စာမေးပွဲဖြေဆိုချိန် - ၇၀ မိနစ်

ဖြေဆိုနည်း　- စာရွက်ဖြင့် ဖြေရမည့် စာမေးပွဲပုံစံ (ခဲခြစ်အဖြေလွှာကို အသုံးပြုမည်။)

**(၁) ရေးဖြေစာမေးပွဲ**

သန့်ရှင်းကျန်းမာရေး စီမံခန့်ခွဲမှု၊ အစားအသောက် ချက်ပြုတ်ပြင်ဆင်မှုနှင့် ဧည့်သည်ဝန်ဆောင်မှုဆိုင်ရာ အထွေထွေဗဟုသုတနှင့် အလုပ်တွင် လိုအပ်သော ဂျပန်ဘာသာအရည်အချင်း စစ်ဆေးသည့် စာမေးပွဲ ဖြစ်ပါသည်။

| အမျိုးအမည် | အဓိကအကြောင်းအရာများ | မေးခွန်း အရေအတွက် | ရမှတ် |
|---|---|---|---|
| သန့်ရှင်းကျန်းမာရေးစီမံခန့်ခွဲမှု | · အထွေထွေသန့်ရှင်းကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတ<br>. HACCP ဆိုင်ရာ ဗဟုသုတ<br>· အစားအဆိပ်သင့်ခြင်းဆိုင်ရာဗဟုသုတ စသဖြင့် | ၁၀ ပုဒ် | အမှတ်ပြည့် - ၄၀ မှတ်<br>(တစ်ပုဒ်လျှင် ၄ မှတ်) |
| အစားအသောက်<br>ချက်ပြုတ်ပြင်ဆင်ခြင်း | · ချက်ပြုတ်ပြင်ဆင်ခြင်းဆိုင်ရာဗဟုသုတ<br>· ပါဝင်ပစ္စည်းများဆိုင်ရာဗဟုသုတ<br>· မီးဖိုချောင်သုံးပစ္စည်းများဆိုင်ရာဗဟုသုတ | ၁၀ ပုဒ် | အမှတ်ပြည့် - ၃၀ မှတ်<br>(တစ်ပုဒ်လျှင် ၃ မှတ်) |
| အထွေထွေဖောက်သည်<br>ဝန်ဆောင်မှု | . ဖောက်သည်ဝန်ဆောင်မှုဆိုင်ရာဗဟုသုတ<br>· အစားအသောက်ကွဲပြားမှု (Food Diversity) ဆိုင်ရာ ဗဟုသုတ<br>· တိုင်ကြားမှုများကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ ဗဟုသုတ စသဖြင့် | ၁၀ ပုဒ် | အမှတ်ပြည့် - ၃၀ မှတ်<br>(တစ်ပုဒ်လျှင် ၃ မှတ်) |
| | | စုစုပေါင်း ၃၀ ပုဒ် | စုစုပေါင်း ၁၀၀ မှတ် |

(၂) **လက်တွေ့စာမေးပွဲ** ("ဆုံးဖြတ်နိုင်စွမ်း စစ်ဆေးမှု" နှင့် "အစီအစဉ် ရေးဆွဲစေခြင်း" ဟူ၍ နှစ်မျိုး ရှိပါသည်။)

"ဆုံးဖြတ်နိုင်စွမ်း စစ်ဆေးမှု" ဆိုသည်မှာ ပုံကြမ်းနှင့် သရုပ်ဖော်ပုံများကို ကြည့်ရှုပြီး မှန်ကန်သော လုပ်ဆောင်မှုသည် မည်သည့်လုပ်ဆောင်မှု ဖြစ်ကြောင်းနှင့် "အစီအစဉ် ရေးဆွဲစေခြင်း" ဆိုသည်မှာ တွက်ချက်မှုဖော်မြူလာများကို အသုံးပြု၍ အလုပ်အစီအစဉ်ကို ရေးဆွဲနိုင်ခြင်းရှိမရှိ ဟူသော အလုပ်နှင့်ပတ်သက်သော အရည်အချင်းကို စစ်ဆေးမှု ဖြစ်ပါသည်။

| အမျိုးအမည် | အဓိကအကြောင်းအရာများ | မေးခွန်းအရေအတွက် | | | ရမှတ် |
|---|---|---|---|---|---|
| | | ဆုံးဖြတ်နိုင်စွမ်း စစ်ဆေးမှု | အစီအစဉ် ရေးဆွဲစေခြင်း | စုစုပေါင်း | |
| သန့်ရှင်းကျန်းမာရေးစီမံခန့်ခွဲမှု | ရေးဖြေစာမေးပွဲနှင့် အလားတူ | ၃ ပုဒ် | ၂ ပုဒ် | ၅ ပုဒ် | အမှတ်ပြည့် - ၄၀ မှတ်<br>(တစ်ပုဒ်လျှင် ၈ မှတ်) |
| အစားအသောက်<br>ချက်ပြုတ်ပြင်ဆင်ခြင်း | ရေးဖြေစာမေးပွဲနှင့် အလားတူ | ၃ ပုဒ် | ၂ ပုဒ် | ၅ ပုဒ် | အမှတ်ပြည့် - ၃၀ မှတ်<br>(တစ်ပုဒ်လျှင် ၆ မှတ်) |
| အထွေထွေဖောက်သည်<br>ဝန်ဆောင်မှု | ရေးဖြေစာမေးပွဲနှင့် အလားတူ | ၃ ပုဒ် | ၂ ပုဒ် | ၅ ပုဒ် | အမှတ်ပြည့် - ၃၀ မှတ်<br>(တစ်ပုဒ်လျှင် ၆ မှတ်) |
| | | ပေါင်း ၉ ပုဒ် | ပေါင်း ၆ ပုဒ် | စုစုပေါင်း ၁၅ ပုဒ် | စုစုပေါင်း ၁၀၀ မှတ် |

## ၄။ စာမေးပွဲအောင်မြင်မှုအဆင့် သတ်မှတ်ချက်

အောင်မှတ်သည် အမှတ်ပြည့်၏ ၆၅% နှင့် အထက် ဖြစ်ပါသည်။

## ၅။ လေ့လာရမည့် ပြဋ္ဌာန်းစာအုပ်များ

စာမေးပွဲဖြေဆိုသူများ လေ့လာရမည့် ပြဋ္ဌာန်းစာအုပ်များကိုဂျပန်အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများအသင်း (JF) (https://www.jfnet.or.jp/contents/gaikokujinzai/) ၏ ပင်မဝဘ်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

## ၆။ စာမေးပွဲဖြေဆိုပုံအဆင့်ဆင့်နှင့် အကြိမ်ကြိမ် လျှောက်လွှာတင်မှုကို တားမြစ်ခြင်း

### အဆင့် ၁။ စာမေးပွဲလမ်းညွှန်ချက် ဖတ်ရှုခြင်း

စာမေးပွဲဖြေဆိုရန် လိုအပ်သော အရည်အချင်းများ၊ စာမေးပွဲအမျိုးအစား စသည်တို့ကို သေချာစွာ ဖတ်ရှုပါ။

### အဆင့် ၂။ မိုင်ပေ့ဂျ်တွင် မှတ်ပုံတင်၍ အကောင့်ဖွင့်ခြင်း

မိုင်ပေ့ဂျ်အကောင့် ဖွင့်ရန် လမ်းညွှန်ချက်

မှတ်ပုံတင်ရမည့်ဓာတ်ပုံနှင့်ပတ်သက်သော စည်းကမ်းချက်များ

"မိုင်ပေ့ဂျ်အကောင့် ဖွင့်ရန် လမ်းညွှန်ချက်" ကို သေချာစွာ ဖတ်ရှုပြီး မိမိအချက်အလက်များနှင့် လိုင်စင်ဓာတ်ပုံကို မှတ်ပုံတင်ရမည်။

မိုင်ပေ့ဂျ်အကောင့် ဖွင့်၍ မှတ်ပုံတင်ခြင်းကို စိစစ်မှု ပြုလုပ်မည်ဖြစ်ပြီး (စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များ မပါဘဲ) ၅ ရက်ခန့် ကြာမည်ဖြစ်ပါသည်။

စာမေးပွဲလျှောက်လွှာ မတင်မီ မိုင်ပေ့ဂျ်အကောင့်သစ် ဖွင့်နိုင်သော နောက်ဆုံးရက်ကို မကျော်လွန်စေဘဲ အကောင့်ဖွင့်၍ မှတ်ပုံတင်ပါ။

မိုင်ပေ့ဂျ်အကောင့်သစ် ဖွင့်နိုင်သော နောက်ဆုံးရက် (စာမေးပွဲတိုင်းအတွက် နောက်ဆုံးရက်ကို သတ်မှတ်ထားသည်။) ကို ကျော်လွန်ပြီးမှ အကောင့်ဖွင့်ပါက စိစစ်မှုသည် ၁ လကျော် ကြာမည်ဖြစ်ပါသည်။

စာဖြေဌာနရှိ ဧည့်ကြိုကောင်တာတွင် ကာယကံရှင်ကို စစ်ဆေးအတည်ပြုရာတွင် လည်းကောင်း၊ အောင်လက်မှတ်တွင်လည်းကောင်း လိုင်စင်ဓာတ်ပုံကို အသုံးပြုပါမည်။ "မှတ်ပုံတင်ရမည့်ဓာတ်ပုံနှင့်ပတ်သက်သော စည်းကမ်းချက်များ" ကို သေချာစွာ ဖတ်ရှုပြီး မှန်ကန်စွာ မှတ်ပုံတင်ပါ။

["အကောင့် အကြိမ်ကြိမ်ဖွင့်ခြင်း" ကို တားမြစ်ခြင်း] (အကြိမ်ကြိမ် = ၂ ကြိမ်နှင့်အထက်)

**မိုင်ပေ့ဂျ်အကောင့် အကြိမ်ကြိမ်ဖွင့်ခြင်း**

လူတစ်ဦးလျှင် မိုင်ပေ့ဂျ်အကောင့် ၁ ခုသာ ဖွင့်နိုင်ပါသည်။

လူတစ်ဦးတည်းမှ မိုင်ပေ့ဂျ်အကောင့် ၂ ခု ဖွင့်ခွင့်မပြု။

### အဆင့် ၃။ စာမေးပွဲဖြေရန် လျှောက်လွှာတင်ခြင်း

စာမေးပွဲလျှောက်လွှာတင်ရန် လမ်းညွှန်ချက်

လျှောက်လွှာတင်နည်းအတွက် "စာမေးပွဲလျှောက်လွှာတင်ရန် လမ်းညွှန်ချက်" ကို သေချာစွာ ဖတ်ရှုပြီး လျှောက်လွှာတင်ပါ။

မိုင်ပေ့ဂျ်အကောင့်သို့ လော့ဂ်အင် ဝင်ပြီး စာမေးပွဲဖြေဆိုမည့် နေ့ရက်၊ အချိန်နှင့် စာဖြေဌာန စသည်ကို ရွေးချယ်ကာ စာမေးပွဲဖြေဆိုရန် လိုအပ်သော အရည်အချင်းများကို ထပ်မံ ဖတ်ရှုပြီးမှ လျှောက်လွှာတင်ပါ။ စာမေးပွဲလျှောက်လွှာ တင်နိုင်သောကာလ ကျော်လွန်ပြီးလျှင် စာမေးပွဲဖြေဆိုမည့် နေ့ရက်၊ အချိန်နှင့် စာဖြေဌာနကို ပြောင်းလဲခွင့် မပြု။

ပထမအကြိမ် လျှောက်လွှာ ခေါ်ယူသည့်အချိန်တွင် လျှောက်လွှာတင်သူဦးရေ နည်းနေပါက ဒုတိယအကြိမ် ထပ်မံခေါ်ယူပါမည်။

["လျှောက်လွှာ အကြိမ်ကြိမ်တင်ခြင်း" ကို တားမြစ်ခြင်း] (အကြိမ်ကြိမ် = ၂ ကြိမ်နှင့်အထက်)

**စာမေးပွဲလျှောက်လွှာ အကြိမ်ကြိမ်တင်ခြင်း**

စားသောက်ဆိုင်လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာမေးပွဲလျှောက်လွှာ အသီးသီးသည် စာမေးပွဲ ၁ ကြိမ် ဖြေဆိုရန်အတွက် ဖြစ်ပြီး တစ်ဦးစီသည် ၁ ကြိမ်သာ လျှောက်ထားနိုင်သည်။

လူတစ်ဦးတည်းမှ အလုပ်အကိုင်အမျိုးအစား တစ်ခုတည်း၏ စာမေးပွဲကို အကြိမ်ကြိမ် လျှောက်လွှာတင်ခွင့်မပြု။

(သတိပြုရန်) မိုင်ပေ့ဂျ်အကောင့် အကြိမ်ကြိမ်ဖွင့်ပြီး စာမေးပွဲကို အကြိမ်ကြိမ် လျှောက်လွှာတင်ပါက OTAFF မှ ကျင်းပသော အထူးကျွမ်းကျင်လုပ်သားစာမေးပွဲကို အများဆုံး ၅ နှစ်အထိ ဖြေဆိုခွင့် ပြုတော့မည်မဟုတ်ပါ။

အဆင့် ၄။ ဖြေဆိုရန် ရွေးချယ်ခံရပါက စာမေးပွဲကြေး ပေးသွင်းခြင်း

*မဲနှိုက်ရွေးချယ်ခြင်း ဆိုသည်မှာ မဲနှိုက်ရာတွင် မဲပေါက်ခြင်း သို့မဟုတ် မဲမပေါက်ခြင်း ဖြစ်ပါသည်။

လျှောက်ထားသူဦးရေသည် သတ်မှတ်ဦးရေထက် ကျော်လွန်ပါက "မဲနှိုက်ရွေးချယ်ခြင်း*" ကို ပြုလုပ်ပါမည်။

မဲနှိုက်ရွေးချယ်မှုရလဒ်ကို မှတ်ပုံတင်ထားသော အီးမေးလ်လိပ်စာသို့ အကြောင်းကြားပါမည်။

ထို့အပြင် မဲနှိုက်ရွေးချယ်မှုရလဒ်ကို မိုင်ပေ့ဂျ်အကောင့်ရှိ "စာမေးပွဲဖြေဆိုမှုမှတ်တမ်း" တွင်လည်း ကြည့်ရှုနိုင်ပါသည်။

ရွေးချယ်ခံရသူသည် စာမေးပွဲကြေး (ငွေ) ကို သတ်မှတ်ရက် နောက်ဆုံးထား၍ ပေးသွင်းပါ။

ငွေပေးသွင်းနည်းကို ခရက်ဒစ်ကတ်ဖြင့် ပေးသွင်းခြင်း၊ စတိုးဆိုင်တွင် ပေးသွင်းခြင်းနှင့် Pay-easy အပလီကေးရှင်းမှ ပေးသွင်းခြင်း ၃ မျိုးအနက်မှ ၁ မျိုးကို ရွေးချယ်ပါ။ စတိုးဆိုင်တွင် ပေးသွင်းခြင်းနှင့် Pay-easy အပလီကေးရှင်းမှ ပေးသွင်းခြင်းကို နိုင်ငံခြားမှ ပြုလုပ်၍ မရပါ။ ၎င်းတို့သည် ဂျပန်နိုင်ငံအတွင်း၌သာ ပေးသွင်းနိုင်သော နည်းလမ်းများ ဖြစ်ပါသည်။

စာမေးပွဲကြေး (ငွေ) ပေးသွင်းပြီးပါက ပြန်အမ်းခြင်း ပြုမည်မဟုတ်။ (သတိပြုရန်)

ထို့အပြင် စာမေးပွဲဖြေဆိုမည့် နေ့ရက်၊ အချိန်နှင့် စာဖြေဌာနတို့ကိုလည်း ပြောင်းလဲခွင့် ပြုတော့မည်မဟုတ်။

ငွေပေးသွင်းမှု မပြုမီ စာမေးပွဲဖြေဆိုမည့် နေ့ရက်၊ အချိန်နှင့် စာဖြေဌာနကို ထပ်မံ ကြည့်ရှုစစ်ဆေးပြီးမှ ငွေပေးသွင်းပါ။

(သတိပြုရန်) သဘာဝဘေးအန္တရာယ် စသည်တို့ကြောင့် စာမေးပွဲကျင်းပမှုကို ရပ်ဆိုင်းမည်ဆိုမှသာ စာမေးပွဲကြေး (ငွေ) ပြန်အမ်းပါမည်။

အသေးစိတ် သိရှိလိုပါက "၇။ စာမေးပွဲကြေး" ကို ကြည့်ရှုပါ။

အဆင့် ၅။ စာမေးပွဲဖြေခွင့်လက်မှတ် ဒေါင်းလုဒ်လုပ်ခြင်း

စာမေးပွဲဖြေခွင့်လက်မှတ်ကို မိုင်ပေ့ဂျ်အကောင့်ရှိ "စာမေးပွဲဖြေဆိုမှုမှတ်တမ်း" မှ ဒေါင်းလုဒ် လုပ်နိုင်ပါသည်။

ဒေါင်းလုဒ် စတင်လုပ်နိုင်သော နေ့ရက်ကို OTAFF ၏ ပင်မဝဘ်စာမျက်နှာရှိ "စာမေးပွဲအချိန်ဇယား (စာမေးပွဲစဉ်တစ်ခုလုံး၏ အစီအစဉ်) " အောက်မှ "စာမေးပွဲဖြေခွင့်လက်မှတ် ထုတ်ပေးခြင်း" တွင် ကြည့်ရှုပါ။

ထို့အပြင် မှတ်ပုံတင်ထားသော အီးမေးလ်လိပ်စာသို့လည်း ဒေါင်းလုဒ် လုပ်နိုင်ပြီဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ပါမည်။

အဆင့် ၆။ စာမေးပွဲ ဖြေဆိုခြင်း

စာမေးပွဲမဖြေမီ "၉။ စာမေးပွဲနေ့တွင် သတိပြုရမည့်အချက်များနှင့် မသမာမှုများ တားမြစ်ခြင်း" ကို သေချာစွာ ဖတ်ရှုပါ။

စာမေးပွဲနေ့တွင် "စာမေးပွဲဖြေခွင့်လက်မှတ်"၊ "နေထိုင်ခွင့်ကတ်"၊ "နိုင်ငံကူးလက်မှတ်"၊ "HB ခဲတံ"၊ "ခဲဖျက်" နှင့် "ဂဏန်းပေါင်းစက် (အသုံးပြုလိုသူသာ)" တို့ကို ယူဆောင်လာပါ။

အသေးစိတ် သိရှိလိုပါက "၈။ စာမေးပွဲနေ့တွင် ယူလာရမည့်အရာများ" တွင် ဖော်ပြထား၍ သေချာစွာ ဖတ်ရှုပါ။

စာဖြေဌာနရှိ ဧည့်ကြိုကောင်တာ၌ ကာယကံရှင်ကို စစ်ဆေးအတည်ပြုပြီးမှသာ စာမေးပွဲ ဖြေဆိုရပါမည်။

အဆင့် ၇။ စာမေးပွဲ အောင်မြင်/ကျရှုံး ရလဒ်

စာမေးပွဲအစီအစဉ်အားလုံး ပြီးဆုံးပြီးနောက် ၃ ပတ်ခန့်အတွင်း အောင်မြင်/ကျရှုံး ရလဒ်များကို OTAFF ၏ ပင်မဝဘ်စာမျက်နှာနှင့် မိုင်ပေ့ဂျ်အကောင့်ရှိ "စာမေးပွဲဖြေဆိုမှုမှတ်တမ်း" တွင် ကြည့်ရှုနိုင်ပါသည်။ စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာရေးသည် ရုံးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စများကြောင့် ပိုမို နောက်ကျတတ်ပါသည်။

အသေးစိတ် သိရှိလိုပါက "တစ်နှစ်တာအချိန်ဇယား" (https://otaff1.jp/schedule/schedule_jp.pdf) တွင် ကြည့်ရှုစစ်ဆေးပါ။ မှတ်ပုံတင်ထားသော အီးမေးလ်လိပ်စာထံသို့လည်း အောင်စာရင်း ထုတ်ပြန်ပြီဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ပါမည်။

သို့သော် အောင်စာရင်းနှင့် ပတ်သက်သည့် စုံစမ်းမေးမြန်းမှုများကို ပြန်လည်ဖြေကြားမည်မဟုတ်။

အဆင့် ၈။ အောင်လက်မှတ် ထုတ်ယူခြင်း

စာမေးပွဲအောင်မြင်သူအတွက် အောင်လက်မှတ်ကို မိုင်ပေ့ဂျ်အကောင့်ရှိ "စာမေးပွဲဖြေဆိုမှုမှတ်တမ်း" တွင် အပ်ပ်လုဒ် တင်ပေးပါမည်။

အောင်လက်မှတ်ကို ကိုယ်တိုင် ဒေါင်းလုဒ် လုပ်နိုင်သောကြောင့် လိုအပ်သည့်အခါ ကိုယ်တိုင် ပရင့်ထုတ်ယူပါ။ OTAFF သည် ဒေါင်းလုဒ်လုပ်၍ ပရင့်ထုတ်ပေးခြင်းနှင့် စာတိုက်မှ ပေးပို့ခြင်းတို့ကို ပြုလုပ်မည် မဟုတ်ပါ။

## ၇။ စာမေးပွဲကြေး

(အခွန်ပါဝင်ပြီး) ယန်း ၇,၀၀၀

ပေးသွင်းထားသော စာမေးပွဲကြေး (ငွေ) ကို ပြန်အမ်းမည် မဟုတ်ပါ။

သို့သော် အောက်ပါ အခြေအနေများတွင် စာမေးပွဲကြေး (ငွေ) ကို ပြန်အမ်းပေးပါမည်။

. OTAFF ၏ အခြေအနေအရ စာမေးပွဲ မကျင်းပနိုင်လျှင် လည်းကောင်း

. သဘာဝဘေးအန္တရာယ် စသည်တို့ကြောင့် စာမေးပွဲ မကျင်းပနိုင်ဟု OTAFF က ဆုံးဖြတ်လျှင် လည်းကောင်း

(အစားထိုးစာမေးပွဲ ကျင်းပမည်ဆိုပါက စာမေးပွဲကြေး (ငွေ) ပြန်အမ်းမည်မဟုတ်ပါ)

စာမေးပွဲ ကျင်းပနိုင်ခြင်း ရှိမရှိကို OTAFF ၏ ပင်မဝဘ်စာမျက်နှာတွင် သေချာစွာ ကြည့်ရှုပါ။

## ၈။ စာမေးပွဲနေ့တွင် ယူလာရမည့်အရာများ

အောက်ပါ (၁) မှ (၆) အထိကို ယူလာပါ။

စာမေးပွဲတွင် ဂဏန်းပေါင်းစက် (ဂဏန်းတွက်စက်) ကို အသုံးပြုနိုင်ပါသည်။ ဂဏန်းပေါင်းစက် အသုံးပြုလိုသူသည် မိမိဘာသာ ယူလာပါ။

ဧည့်ကြိုကောင်တာတွင် အမည်နှင့် မွေးသက္ကရာဇ် စသည်တို့ကို စစ်ဆေးပါမည်။

စစ်ဆေးမှုမပြုနိုင်ပါက စာမေးပွဲဖြေဆိုခွင့် ပြုမည်မဟုတ်။

(၁) စာမေးပွဲဖြေခွင့်လက်မှတ်

(၂) နေထိုင်ခွင့်ကတ် (သတိပြုရန် ၁ နှင့် သတိပြုရန် ၂ ကို သေချာစွာ ဖတ်ရှုပါ။)

(၃) နိုင်ငံကူးလက်မှတ် (သတိပြုရန် ၃ ကို သေချာစွာ ဖတ်ရှုပါ။)

(၄) HB ခဲတံ (သတိပြုရန် ၄)

(၅) ခဲဖျက်

(၆) ဂဏန်းပေါင်းစက် (အသုံးပြုနိုင်သော ဂဏန်းပေါင်းစက်များနှင့် ပတ်သက်၍ သတိပြုရမည့် အချက်များ - သတိပြုရန် ၅)

(သတိပြုရန် ၁) စာမေးပွဲနေ့တွင် နေထိုင်ခွင့်ကတ်ရှိ သက်တမ်းကုန်ဆုံးရက်ကို ကျော်လွန်နေသူ

စာမေးပွဲနေ့တွင် အောက်ပါ ၁) မှ ၃) အထိ ပစ္စည်းများအနက် တစ်ခုခုကို မပျက်မကွက် ယူလာပါ။

၁) ကတ်ကျောဘက်ရှိ နေထိုင်ခွင့်သက်တမ်းတိုးခြင်း စသည်တို့ လျှောက်ထားမှုကော်လံတွင် "လျှောက်ထားဆဲ" တံဆိပ်တုံး ထုထားသော နေထိုင်ခွင့်ကတ်

၂) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ နေထိုင်ခွင့်လျှောက်ထားမှုအွန်လိုင်းစနစ်မှ လျှောက်လွှာ လက်ခံပြီးကြောင်း အီးမေးလ်ကို ပရင့်ထုတ်ထားသော စာရွက် (**နမူနာပုံ ၁**) နှင့် နေထိုင်ခွင့်ကတ်၏ ရောင်စုံမိတ္တူ (ရှေ့ဘက်နှင့် ကျောဘက်)

၃) နေထိုင်ခွင့်ကတ် သက်တမ်းတိုးရေး ရုံးလုပ်ငန်းစဉ်အတွက် လက်ခံပြေစာ (**နမူနာပုံ ၂**)

*နမူနာပုံ ၁ သည် စာမျက်နှာ ၁၂ တွင်လည်းကောင်း၊ နမူနာပုံ ၂ သည် စာမျက်နှာ ၁၃ တွင်လည်းကောင်း ရှိပါသည်။

(သတိပြုရန် ၂) နေထိုင်ခွင့်ကတ် သက်တမ်းတိုးရေး ရုံးလုပ်ငန်းစဉ် ဆောင်ရွက်နေဆဲ ဖြစ်ပြီး စာမေးပွဲဖြေမည့်နေ့တွင် ယူလာ၍ မရသူ

စာမေးပွဲနေ့တွင် အောက်ပါ ၁) မှ ၂) အထိ ပစ္စည်းများအနက် တစ်ခုခုကို မပျက်မကွက် ယူလာပါ။

၁) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ နေထိုင်ခွင့်လျှောက်ထားမှုအွန်လိုင်းစနစ်မှ လျှောက်လွှာ လက်ခံပြီးကြောင်း အီးမေးလ်ကို ပရင့်ထုတ်ထားသော စာရွက် (**နမူနာပုံ ၁**) နှင့် နေထိုင်ခွင့်ကတ်၏ ရောင်စုံမိတ္တူ (ရှေ့ဘက်နှင့် ကျောဘက်)

၂) နေထိုင်ခွင့်ကတ် သက်တမ်းတိုးရေး ရုံးလုပ်ငန်းစဉ်အတွက် လက်ခံပြေစာ (**နမူနာပုံ ၂**)

*နမူနာပုံ ၁ သည် စာမျက်နှာ ၁၂ တွင်လည်းကောင်း၊ နမူနာပုံ ၂ သည် စာမျက်နှာ ၁၃ တွင်လည်းကောင်း ရှိပါသည်။

(သတိပြုရန် ၃) နေထိုင်ခွင့်ကတ် မရှိဘဲ နိုင်ငံကူးလက်မှတ်သာ ရှိသူ

စာမေးပွဲဖြေမည့်နေ့တွင် နိုင်ငံကူးလက်မှတ်မှ နေထိုင်ခွင့်သက်တမ်းကုန်ဆုံးရက် ရေးထားသော ဆီးလ်တံဆိပ် (နမူနာပုံ ၃) သို့မဟုတ် လျှောက်လွှာ လက်ခံပြီးကြောင်း ရော်ဘာတံဆိပ်တုံး ရိုက်နှိပ်ထားသည့် စာမျက်နှာကို တာဝန်ရှိသူက စစ်ဆေး အတည်ပြုပါမည်။ စစ်ဆေးအတည်ပြု၍ မရပါက စာမေးပွဲဖြေခွင့် ပြုမည်မဟုတ်။ *နမူနာပုံ ၃ သည် စာမျက်နှာ ၁၄ တွင် ရှိပါသည်။

[အရေးကြီး] ဒုက္ခသည်အသိအမှတ်ပြုရေး လျှောက်ထားဆဲ ပုဂ္ဂိုလ် ဖြစ်ပါက OTAFF သို့ မပျက်မကွက် ကြိုတင် ဆက်သွယ်ပြောဆိုပါ။

OTAFF သို့ ကြိုတင် ဆက်သွယ်ပြောဆိုခြင်းမရှိဘဲ စာမေးပွဲ ဖြေမည့်နေ့တွင် နေထိုင်ခွင့် စစ်ဆေးအတည်ပြုရန် လိုအပ်သော စာရွက်စာတမ်းများ မရှိသူကို စာမေးပွဲဖြေခွင့် ပြုမည်မဟုတ်။

ဖုန်း ၀၃-၆၂၆၁-၄၉၄၉ (ရုံးဖွင့်ရက်များသာ မနက် ၉:၀၀ မှ နေ့လယ် ၁၂:၀၀ ထိ၊ နေ့လယ် ၁၃:၀၀ မှ ညနေ ၁၇:၀၀ ထိ)

အီးမေးလ် tokutei@otaff.or.jp (အီးမေးလ်တွင် တပ်ရမည့်ခေါင်းစဉ် - 難民申請中の受験者です)

နိုင်ငံကူးလက်မှတ်ကို ရိုက်ထားသောဓာတ်ပုံနှင့် ဒုက္ခသည်အသိအမှတ်ပြုလျှောက်လွှာ လက်ခံဖြတ်ပိုင်း စသည့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ လက်ခံရရှိသည့် စာရွက်စာတမ်းများကို ရိုက်ထားသောဓာတ်ပုံကို အီးမေးလ်တွင် ဖိုင်တွဲ၍ ပေးပို့ပါ။

(သတိပြုရန် ၄) ခဲဆံဘောပင်၊ ခဲဆစ်ဘောပင်နှင့် ချွန်စက်တို့ကို မသုံးရ။

**(သတိပြုရန် ၅)** ဂဏန်းပေါင်းစက် (ဂဏန်းတွက်စက်) ကို အသုံးပြုနိုင်သော်လည်း အသုံးပြုနိုင်သော ဂဏန်းပေါင်းစက်နှင့် ပတ်သက်၍ သတိပြုရမည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အတွက်အချက်ပုစ္ဆာများကို ဖြေရှင်းရန်အတွက် + - × ÷ အခြေခံအတွက်အချက် ၄ ခု သာ ရလျှင် လုံလောက်ပါသည်။

(၂) တွက်ချက်မှုအဖြေ ၁ ခုတည်းကိုသာ မှတ်နိုင်သော မန်မိုရီလုပ်ဆောင်ချက် ပါရှိသည့် ဂဏန်းပေါင်းစက်သာ ဖြစ်ရမည်။

(၃) နံပါတ် (၂) အချက်တွင် ပါရှိသည့် မန်မိုရီလုပ်ဆောင်ချက်ထက် အဆင့်မြင့်သော မန်မိုရီလုပ်ဆောင်ချက် ပါရှိသည့် ဂဏန်းပေါင်းစက်ကို မသုံးရ။ (တစ်ခုထက်ပိုသော တွက်ချက်မှုအဖြေများကို မှတ်ထားနိုင်စွမ်း၊ တွက်ချက်မှုအဖြေများကို နောက်ပြန်စစ်ဆေးနိုင်စွမ်းနှင့် စာလုံးများ မှတ်ထားနိုင်စွမ်းကဲ့သို့ မန်မိုရီလုပ်ဆောင်ချက်များ ပါရှိသည့် ဂဏန်းပေါင်းစက်ကို မသုံးရ။)

(၄) ဆက်သွယ်ရေးလုပ်ဆောင်ချက် ပါရှိသော ဂဏန်းပေါင်းစက်ကို မသုံးရ။ (စမတ်ဖုန်းကို ဂဏန်းပေါင်းစက်အဖြစ် မသုံးရ။)

(၅) ပရိုဂရမ် သွင်းနိုင်သော လုပ်ဆောင်ချက် ပါရှိသည့် ဂဏန်းပေါင်းစက်ကို မသုံးရ။

(၆) (၁) နှင့် (၂) တွင် ရေးသားဖော်ပြထားသော လုပ်ဆောင်ချက်များမှ လွဲ၍ အခြားလုပ်ဆောင်ချက်များ ပါရှိသော ဂဏန်းပေါင်းစက်ကို အသုံးပြုပါက ထိုနေရာတွင်ပင် စာမေးပွဲကျရှုံးဟု မဆိုင်းမတွ သတ်မှတ်ပြီး ဖြေထားသည်များကို အမှတ်ပေးမည်မဟုတ်။

(၇) + - × ÷ အခြေခံအတွက်အချက် ၄ ခုထက် ပို၍ အဆင့်မြင့်သော လုပ်ဆောင်ချက်များ ပါရှိသည့် ဂဏန်းပေါင်းစက် (ဂဏန်းတွက်စက်) ကို အသုံးပြုပြီး မသမာမှုများ ပြုလုပ်သည်ဟု သံသယရှိပါက စာမေးပွဲခန်းကြီးကြပ်သူသည် (တွက်စက်သိမ်းယူခြင်း ကဲ့သို့) အသုံးပြုမှုတားမြစ်ခြင်းအစီအမံများကို ဆောင်ရွက်မည်ဖြစ်ပြီး တစ်ခါတစ်ရံ စာမေးပွဲကျရှုံးဟု သတ်မှတ်နိုင်ပါသည်။

နမူနာပုံ ၁

【在留資格オンラインシステム】申請受付完了のお知らせ

○○様

(本メールは、在留資格オンラインシステムから自動的に送信しております)

申請受付日：XXXX 年 XX 月 XX 日

申請受付仮番号：XXXXXXXXXXX

在留種別：在留資格認定証明書交付申請　Certificate of eligibility

申請人在留カード等番号：XXXXXXXXXXX

の申請について、申請受付番号をお知らせいたします。

申請受付番号：XXXXXXXXXXX

本メールは、申請中であることを証明するものとなりますので、資料者及び申請人の方は申請中は本メールを削除しないように保存し、必要に応じて印刷するなどして携行してください。

Sample

## နမူနာပုံ ၂

ပြည်တွင်းစာမေးပွဲလမ်းညွှန်ချက်ရှိ "၈။ စာမေးပွဲနေ့တွင် ယူလာရမည့်အရာများ" ခေါင်းစဉ်အောက်မှ (သတိပြုရန် ၁ နှင့် ၂) ကို သေချာစွာ ဖတ်ရှုပြီး ကုမ္ပဏီ၊ သမဂ္ဂ၊ ကျောင်း စသည်တို့တွင် ရေးသားဖော်ပြစေပြီး စာမေးပွဲဖြေမည့်နေ့တွင် ယူလာပါ။

### နေထိုင်ခွင့်ကတ် သက်တမ်းတိုးရေး ရုံးလုပ်ငန်းစဉ်များအတွက် လက်ခံပြေစာ

အောက်ပါ ပုဂ္ဂိုလ်၏ နေထိုင်ခွင့်ကတ်ကို လက်ခံထားပြီး နေထိုင်ခွင့်သက်တမ်းကုန်ဆုံးရက် စသည်တို့၏ အပြောင်းအလဲဆိုင်ရာ ရုံးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိပါသည်။

ရေးသွင်းသောရက်စွဲ - ＿＿＿ ခုနှစ် ＿＿＿ လ ＿＿＿ ရက်

(၁) အမည် (အင်္ဂလိပ်စာလုံးဖြင့်)＿＿＿＿＿＿＿＿＿＿＿＿＿＿＿＿

(၂) နိုင်ငံကူးလက်မှတ်နံပါတ် ＿＿＿＿＿＿＿＿＿＿＿＿＿＿＿＿

(၃) သက်တမ်းမတိုးမီက နေထိုင်ခွင့်ကတ်မိတ္တူ (ရှေ့ဘက်နှင့် ကျောဘက် ၂ ခုလုံး)

| | |
|---|---|
| သက်တမ်းမတိုးမီက နေထိုင်ခွင့်ကတ်<br>(ရှေ့ဘက်ခြမ်း)<br>၏ ရောင်စုံမိတ္တူကို ကပ်ပါ။ | သက်တမ်းမတိုးမီက နေထိုင်ခွင့်ကတ်<br>(ကျောဘက်ခြမ်း)<br>၏ ရောင်စုံမိတ္တူကို ကပ်ပါ။ |

(၄) နေထိုင်ခွင့်ကတ်ကို လက်ခံထားပြီး သက်တမ်းတိုးရေး ရုံးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိသော အဖွဲ့အစည်း စသည်တို့၏ အမည်၊ လိပ်စာ၊ တာဝန်ခံအမည်၊ တာဝန်ခံ၏ ဆက်သွယ်ရမည့် အချက်အလက်နှင့် ကုမ္ပဏီတံဆိပ်

## နမူနာပုံ ၃


JAPAN IMMIGRATION INSPECTOR
上　陸　許　可
LANDING PERMISSION
許可年月日
Date of permit
○○.AUG.20XX
在留期限
Untill
X X.JUL.20XX
在留資格
Status
短期滞在
在留期間
Duration
○days
Sample
[အရေးကြီး]
နေထိုင်ခွင့်သက်တမ်း ကုန်ဆုံးမည့်
ရက်စွဲသည် စာမေးပွဲရက်၏
နောက်ပိုင်းရက်များ ဖြစ်ရမည်။
*နေထိုင်ခွင့်သက်တမ်း ကုန်ဆုံးနေသူသည်
သက်တမ်းတိုးလျှောက်လွှာ
လက်ခံပြီးကြောင်း တံဆိပ်တုံးထုထားရန်
လိုအပ်ခြင်း (လျှောက်ထားသည့်နေ့မှ ၂
လအတွင်း အကျုံးဝင်သည်။)
ယာယီလည်ပတ်သူ၊
သီးခြားအရေးကိစ္စ လုပ်ဆောင်သူ
စသည်တို့ကိုလည်း ခွင့်ပြုပါသည်။

## ၉။ စာမေးပွဲနေ့တွင် သတိပြုရမည့်အချက်များနှင့် မသမာမှုများ တားမြစ်ခြင်း

(၁) စာဖြေဌာနသို့ မလာမီ သတိပြုရမည့်အချက်များ

အဖျားရှိသူ သို့မဟုတ် နေထိုင်မကောင်းဖြစ်နေသူကို စာမေးပွဲဖြေဆိုခွင့် မပြုသည့်အခါလည်း ရှိပါသည်။

(၂) ညှော့ကြိုကောင်တာတွင် သတိပြုရမည့်အချက်များ

(၁) "၈။ စာမေးပွဲနေ့တွင် ယူလာရမည့်အရာများ" ခေါင်းစဉ်ရှိ နံပါတ် (၁) မှ (၆) အတွင်းရှိ ပစ္စည်းများကို မမေ့မလျော့ ယူလာပါ။

(၂) ညှော့ကြိုကောင်တာတွင် ကာယကံရှင်ကို စစ်ဆေးအတည်ပြုပါမည်။ မျက်နှာကို စစ်ဆေးသည့်အခါ နှာခေါင်းစည်းကို ချွတ်ပါ။

(၃) ဦးထုပ် သို့မဟုတ် နေကာမျက်မှန်၊ Headphone နားကြပ် သို့မဟုတ် Earphone နားကြပ်တို့ကို ချွတ်ပြီး လက်ကိုင်အိတ် သို့မဟုတ် လက်ဆွဲအိတ်ထဲတွင် ထည့်ထားပါ။

(၄) မိုင်ပေ့ဂျ်အကောင့်တွင် မှတ်ပုံတင်ထားသော ဓာတ်ပုံ မကောင်းပါက နောက်တစ်ကြိမ် ဓာတ်ပုံ ပြန်ရိုက်ရမည်။ "ဓာတ်ပုံပြန်ရိုက်ရန်" ပြောလာပါက တာဝန်ခံ ပြောသည်ကို နားထောင်ပြီး ထိုအတိုင်း လိုက်နာဆောင်ရွက်ပါ။

(၅) ညှော့ကြိုကောင်တာရှိ ကိစ္စများ ပြီးသွားသူသည် စာမေးပွဲခန်းထဲသို့ ဝင်နိုင်ပါသည်။

* စာမေးပွဲ မစမီ ၁၅ မိနစ် နောက်ဆုံးထား၍ ညှော့ကြိုကောင်တာသို့ အရောက်လာပါ။ ၁၅ မိနစ် ကြိုတင်၍ ရောက်မနေပါက စာမေးပွဲ ဖြေခွင့် မရသည့်အခါလည်း ရှိပါသည်။
စာမေးပွဲ စတင်ဖြေဆိုချိန်တွင် နောက်ကျနေပါက စာမေးပွဲ ဖြေဆိုခွင့် မပြုပါ။

(သတိပြုရန်) ရာသီဥတု ဆိုးရွားသည့်အခါ ရထားနှင့် ဘတ်စ်ကားများ နောက်ကျတတ်ပါသည်။
စာမေးပွဲကျင်းပမည့်နေရာသို့ စောစော အရောက်လာပါ။

(၃) စာမေးပွဲခန်းတွင် သတိပြုရမည့်အချက်များ

(၁) "စာမေးပွဲဖြေခွင့်လက်မှတ်" ရှိ "ထိုင်ခုံနံပါတ်" နှင့် နံပါတ်တူသော ထိုင်ခုံတွင် ထိုင်ပါ။

(၂) စာမေးပွဲမဖြေမီ အခန်းကို အဝင်အထွက် လုပ်ပါက "စာမေးပွဲဖြေခွင့်လက်မှတ်" ကို ကိုယ်နှင့်မကွာ ယူသွားပါ။

(၃) စာမေးပွဲမစမီ အနည်းဆုံး ၁၅ မိနစ် ကြိုတင်၍ အခန်းထဲသို့ ဝင်ပါ။

(၄) စာမေးပွဲခန်းထဲတွင် စကားမပြောရ။

(၅) စာမေးပွဲခန်းထဲတွင် စားသောက်ခြင်း မပြုရ။

(၆) စာမေးပွဲ စသည်နှင့် စာမေးပွဲခန်းထဲသို့ ဝင်ခွင့်ပြုမည်မဟုတ်။

- ■ စာမေးပွဲဖြေခွင့်လက်မှတ်ကို စားပွဲခုံပေါ်ရှိ ထိုင်ခုံနံပါတ်ဘေးတွင် ချထားပါ။
- ■ စားပွဲခုံပေါ်တွင် HB ခဲတံ၊ ခဲဖျက်နှင့် ဂဏန်းပေါင်းစက် (အသုံးပြုလိုသူသာ) တို့ကို ချထားပါ။
  အခြားအရာအားလုံးကို လက်ကိုင်အိတ် သို့မဟုတ် လက်ဆွဲအိတ်ထဲ ထည့်ပြီး အိတ်ကို ပိတ်၍ ထိုင်ခုံအောက်တွင် ချထားပါ။
  ခဲဆံဘောပင်၊ ခဲဆစ်ဘောပင်နှင့် ချွန်စက် စသည်တို့ကို မသုံးရ။
- ■ လက်ကိုင်ဖုန်း၊ စမတ်ဖုန်း စသည်တို့ကို စာမေးပွဲခန်းမှ ထွက်ခွာသည်အထိ မပျက်မကွက် စက်ပိတ်၍ တာဝန်ခံ၏ စစ်ဆေးမှု ခံယူပါ။

ဖုန်းစက်ပိတ်နည်းကို ကိုယ်တိုင် ပြုလုပ်တတ်ရန် လေ့ကျင့်ထားပါ။
တာဝန်ခံမှ ဖုန်းကို စစ်ဆေးပြီးသည်နှင့် လက်ကိုင်အိတ် သို့မဟုတ် လက်ဆွဲအိတ်ထဲ ထည့်ပြီး အိတ်ကို ပိတ်၍ ထိုင်ခုံအောက်တွင် ချထားပါ။

- စာမေးပွဲခန်းထဲတွင် နာရီ ရှိပါသည်။ မိမိနာရီကို မသုံးရ။
- မိမိနာရီကို အချက်ပေးသံ မထွက်စေရန် အသံပိတ်ကာ လက်ကိုင်အိတ် သို့မဟုတ် လက်ဆွဲအိတ်ထဲ ထည့်ပြီး အိတ်ကို ပိတ်၍ ထိုင်ခုံအောက်တွင် ချထားပါ။
  စာမေးပွဲဖြေချိန်တွင် နာရီကို စားပွဲခုံပေါ် တင်ထားခြင်း၊ လက်တွင် ပတ်ထားခြင်း မပြုရ။
  လက်ကိုင်ဖုန်း သို့မဟုတ် စမတ်ဖုန်း စသည်တို့ကို နာရီအဖြစ် မသုံးရ။
  စာမေးပွဲဖြေချိန်တွင် လက်ကိုင်ဖုန်း သို့မဟုတ် စမတ်ဖုန်းနှင့် နာရီတို့မှ အချက်ပေးသံ၊ တုန်ခါသံ စသည့် အသံများ မြည်ပါက စာမေးပွဲဖြေခွင့် မပြုတော့သည့်အခါလည်း ရှိပါသည်။ အသံ လုံးဝ မထွက်စေရန် သတိပြုပါ။
- ဂဏန်းပေါင်းစက် (ဂဏန်းတွက်စက်) ကို သုံးနိုင်ပါသည်။ ဂဏန်းပေါင်းစက် သုံးလိုသူသည် မိမိဘာသာ ယူလာပါ။ "၈။ စာမေးပွဲနေ့တွင် ယူလာရမည့်အရာများ" ခေါင်းစဉ်အောက်မှ (သတိပြုရန် ၅) ကို ဖတ်ရှုထားပါ။
- စာမေးပွဲခန်းထဲတွင် တာဝန်ခံ ပြောသည်များကို သေချာစွာ နားထောင်ပြီး ထိုအတိုင်း လိုက်နာဆောင်ရွက်ပါ။
  တာဝန်ခံ ပြောသည်များကို နားမထောင်ပါက စာမေးပွဲ ဖြေဆိုခွင့် မပြုတော့သည်အခါလည်း ရှိပါသည်။

(၄) စာမေးပွဲ မစမီ သတိပြုရမည့်အချက်များ

- စားပွဲခုံပေါ်တွင် စာမေးပွဲဖြေခွင့်လက်မှတ်၊ HB ခဲတံ၊ ခဲဖျက်၊ ဂဏန်းပေါင်းစက် (အသုံးပြုလိုသူသာ)၊ စာမေးပွဲခန်းတွင် ဝေပေးထားသော ခဲခြစ်အဖြေလွှာနှင့် "ခဲခြစ်အဖြေလွှာ ဖြည့်သွင်းပုံဥပမာနှင့် စာမေးပွဲတွင် သတိပြုရမည့်အချက်များ" စာရွက်ကိုသာ ချထားပါ။
  အခြားအရာများကို လက်ကိုင်အိတ် သို့မဟုတ် လက်ဆွဲအိတ်ထဲ ထည့်ပြီး အိတ်ကို ပိတ်၍ ထိုင်ခုံအောက်တွင် ချထားပါ။
- "ခဲခြစ်အဖြေလွှာ ဖြည့်သွင်းပုံဥပမာ" ကို သေချာစွာ ဖတ်ရှုပြီး ခဲခြစ်အဖြေလွှာတွင် မိမိအမည်ကို အမှားအယွင်း မရှိစေဘဲ ရေးပါ။
- ခဲခြစ်အဖြေလွှာပေါ်တွင် ရိုက်နှိပ်ထားသော စာမေးပွဲဖြေခွင့်နံပတ်နှင့် စာမေးပွဲဖြေခွင့်နံပါတ်နေရာရှိ ခဲခြယ်ထားသော အမဲဝိုင်းလေးများသည် မိမိ၏ စာမေးပွဲဖြေခွင့်နံပါတ်နှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးပါ။
- ခန္ဓာကိုယ် သို့မဟုတ် အဝတ်အစား စသည်တို့တွင် စာလုံးများ သို့မဟုတ် ဂဏန်းများ ရေးထားသူကို စာခိုးချသည်ဟု မှတ်ယူပြီး စာမေးပွဲခန်းထဲမှ ထွက်သွားခိုင်းမည်ဖြစ်ပြီး စာမေးပွဲ ဖြေခွင့်မပြုတော့သည့်အခါလည်း ရှိပါသည်။ ခန္ဓာကိုယ် သို့မဟုတ် အဝတ်အစား စသည်တို့တွင် စာလုံးများ သို့မဟုတ် ဂဏန်းများ ရေးသားခြင်းမှ ရှောင်ကြဉ်ပါ။
- စာမေးပွဲခန်းတွင် ဦးထုပ် မဆောင်းရ သို့မဟုတ် နေကာမျက်မှန် မတပ်ရ။
  ထို့အပြင် Headphone နားကြပ်နှင့် Earphone နားကြပ်ကိုလည်း မသုံးရ။
  လက်ကိုင်အိတ် သို့မဟုတ် လက်ဆွဲအိတ်ထဲ ထည့်ပြီး အိတ်ကို ပိတ်၍ ထိုင်ခုံအောက်တွင် ချထားပါ။
- စာမေးပွဲဖြေချိန်တွင် HB ခဲတံ၊ ခဲဖျက်နှင့် ဂဏန်းပေါင်းစက် (အသုံးပြုလိုသူသာ) ကိုသာ အသုံးပြုပါ။ ခဲဆံဘောပင် သို့မဟုတ် ခဲဆစ်ဘောပင်နှင့် ချွန်စက်တို့ကို စာမေးပွဲဖြေနေစဉ် မသုံးရ။ လက်ကိုင်အိတ် သို့မဟုတ် လက်ဆွဲအိတ်ထဲ ထည့်ပြီး အိတ်ကို ပိတ်၍ ထိုင်ခုံအောက်တွင် ချထားပါ။

■ စာမေးပွဲ မစမီ ၁၅ မိနစ် နောက်ဆုံးထား၍ သန့်စင်ခန်းသို့ သွားထားပါ။

■ စာမေးပွဲ စချိန်တွင် မေးခွန်းစာရွက်များ ဝေပေးပါမည်။
တာဝန်ခံမှ "စတင်ဖြေဆိုပါ။" ဟု မပြောမီ မေးခွန်းစာရွက် ဖွင့်ခြင်း၊ အဖြေများ ရေးသားခြင်းတို့ မပြုရ။

(၅) စာမေးပွဲ စတင်ပြီးနောက် သတိပြုရမည့်အချက်များ

■ အဖြေများကို ခဲခြစ်အဖြေလွှာတွင် ဖြေဆိုရမည်။
အဖြေများကို မေးခွန်းစာရွက်ပေါ်တွင် ရေးထားသော်လည်း အမှတ်ရမည်မဟုတ်။

■ အဖြေ မှားသွားပါက ခဲဖျက်ဖြင့် သပ်ရပ်စွာ ဖျက်ပါ။
ခဲခြစ်အဖြေလွှာကို ညစ်ပတ်စေခြင်း၊ ခေါက်ချိုးခြင်း မပြုရ။
ထိုသို့ ဖြစ်သွားပါက ခဲခြစ်အဖြေလွှာကို ဖတ်သောစက်မှ မှန်ကန်စွာ မဖတ်နိုင်တော့သည့်အခါလည်း ရှိပါသည်။
မှန်ကန်စွာ မဖတ်နိုင်လျှင် အမှတ်ရမည်မဟုတ်ပါ။

■ စာမေးပွဲဖြေနေစဉ် အိမ်သာသို့ သွားလျှင်ပင် စာမေးပွဲခန်းထဲသို့ ပြန်ဝင်ခွင့် ပြုမည်မဟုတ်။
စာမေးပွဲ မစမီ ၁၅ မိနစ် နောက်ဆုံးထား၍ သန့်စင်ခန်းသို့ သွားထားပါ။

■ စာမေးပွဲ စပြီး မိနစ် ၃၀ ကျော်သည်နှင့် တာဝန်ခံမှ အသိပေးကြေညာပါမည်။
တာဝန်ခံ၏ စစ်ဆေးမှုကို ခံယူပြီး "ထွက်၍ ရပါပြီ" ဟု ပြောမှ စာမေးပွဲခန်းထဲမှ ထွက်ခွာနိုင်မည်ဖြစ်ပါသည်။
စာမေးပွဲခန်းထဲမှ ထွက်သွားသည်နှင့် စာမေးပွဲခန်းထဲသို့ ပြန်ဝင်ခွင့် ပြုမည်မဟုတ်။
စာမေးပွဲခန်းထဲမှ တစ်ကြိမ် ထွက်သွားသည်နှင့် စာမေးပွဲဖြေဆိုမှု ပြီးဆုံးပြီ ဖြစ်ပါသည်။

■ စာမေးပွဲခန်းနားတွင် စကားမပြောရ။

■ စာမေးပွဲ မပြီးခင် ၁၀ မိနစ်အလိုအထိ စာမေးပွဲခန်းထဲမှ မထွက်ရ။

■ မေးခွန်းထဲမှ အကြောင်းအရာများနှင့် ပတ်သက်၍ မေးလာသည်များကို ဖြေဆိုနိုင်မည်မဟုတ်ပါ။

■ စာမေးပွဲဖြေနေစဉ် နေမကောင်းဖြစ်လာပါက လက်ကို မြှောက်၍ တာဝန်ခံထံ အသိပေးပါ။

■ တာဝန်ခံ ပြောသည်များကို သေချာစွာ နားထောင်ပြီး ထိုအတိုင်း လိုက်နာဆောင်ရွက်ပါ။

(၆) စာမေးပွဲခန်းမှ အပြင်ထွက်သည့်အခါ သတိပြုရမည့်အချက်များ

■ စာမေးပွဲ ဖြေချိန်အတွင်း စာမေးပွဲခန်းထဲမှ ထွက်လိုပါက ထိုင်လျက်ဖြင့် လက်ကို မြှောက်ကာ တာဝန်ခံထံ အသိပေးပါ။
တာဝန်ခံ ရောက်လာပါက အဖြေများ ရေးသားထားသော ခဲခြစ်အဖြေလွှာ၊ မေးခွန်းစာရွက်နှင့် "ခဲခြစ်အဖြေလွှာ ဖြည့်သွင်းပုံဥပမာနှင့် စာမေးပွဲတွင် သတိပြုရမည့်အချက်များ" စာရွက်တို့ကို တာဝန်ခံထံ အပ်နှံပြီး စစ်ဆေးမှုကို ခံယူပါ။
စစ်ဆေးမှုကို ခံယူပြီးလျှင် တာဝန်ခံမှ "ထွက်၍ ရပါပြီ" ဟု ပြောမှ မိမိပိုင်ပစ္စည်းများကို ယူကာ စာမေးပွဲခန်းထဲမှ ထွက်ခွာပါ။

■ စာမေးပွဲ ဖြေချိန်အတွင်း စာမေးပွဲခန်းထဲမှ ထွက်သွားမည်ဆိုပါက စာမေးပွဲခန်းထဲသို့ ပြန်ဝင်ခွင့် ပြုမည်မဟုတ်။
ထို့အပြင် စာမေးပွဲ ဖြေပြီး၍ စာမေးပွဲခန်းထဲမှ ထွက်သွားသူသည် စာဖြေဌာနမှ တတ်နိုင်သမျှ မြန်မြန် ထွက်ခွာပါ။

■ စာမေးပွဲ မပြီးမီ ၁၀ မိနစ်အလိုမှစ၍ စာမေးပွဲ ပြီးချိန်ထိ စာမေးပွဲခန်းထဲမှ မထွက်ရ။ အဖြေများ ရေးသားထားသော ခဲခြစ်အဖြေလွှာ၊ မေးခွန်းစာရွက်နှင့် "ခဲခြစ်အဖြေလွှာ ဖြည့်သွင်းပုံဥပမာနှင့် စာမေးပွဲတွင် သတိပြုရမည့်အချက်များ" စာရွက်တို့ကို တာဝန်ခံမှ အားလုံး လိုက်လံသိမ်းယူပြီးသည်အထိ စောင့်နေပါ။
တာဝန်ခံမှ "ထွက်၍ ရပါပြီ" ဟု မပြောမီ စာမေးပွဲခန်းထဲမှ မထွက်ရ။

(၇) မသမာမှုကျူးလွန်ခြင်း

- အောက်ပါတို့ကို ကျူးလွန်ပါက အဝါကတ် ပြပြီး သတိပေးခံရမည်။ အဝါကတ် ၂ ခါ ပြခံရပါက ကျရှုံးခြင်း / စာမေးပွဲခန်းမှ ထွက်သွားခြင်းဟု သတ်မှတ်ပြီး အမှတ်ရမည်မဟုတ်။

  [**အဝါကတ်** = **သတိပြုရန်**] (အဝါကတ် ၂ ခါ ပြခံရလျှင် ကျရှုံးခြင်း / စာမေးပွဲခန်းမှ ထွက်သွားခြင်း)

  (၁) စာမေးပွဲ မစမီ မေးခွန်းစာရွက်ကို ဖွင့်လျှင် သို့မဟုတ် အဖြေများ ရေးသားလျှင် လည်းကောင်း။

  (၂) စာမေးပွဲဖြေနေစဉ် ခွင့်ပြုချက် မရှိဘဲ စကားပြောလျှင် လည်းကောင်း။

  (၃) စာမေးပွဲဖြေနေစဉ် "အခြားသူများကို အဖြေ ပြောပြခြင်း"၊ "အချက်ပြခြင်း"၊ "အခြားသူထံမှ အဖြေ ပြောပြစေခြင်း" နှင့် "အခြားသူ၏ အဖြေကို ကြည့်ခြင်း" စသည်တို့ကို ကျူးလွန်သည်ဟု သံသယရှိလျှင် လည်းကောင်း။

  (၄) စာမေးပွဲ ဖြေနေစဉ် လက်ကိုင်ဖုန်း သို့မဟုတ် စမတ်ဖုန်းနှင့် နာရီ စသည်တို့မှ နှိုးစက်သံ၊ တုန်ခါသံ စသော အသံများ မြည်လျှင် လည်းကောင်း။

  (၅) မေးခွန်းနှင့်အဖြေများကို မေးခွန်းစာရွက် သို့မဟုတ် ခဲခြစ်အဖြေလွှာမှလွဲ၍ အခြားတစ်ခုခုတွင် ကူးရေးလျှင် လည်းကောင်း။

  (၆) သူတစ်ပါး စိတ်အနှောင့်အယှက် ဖြစ်စရာများ ပြုလုပ်ပြီး တာဝန်ခံ၏ သတိပေးချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မပြုလျှင် လည်းကောင်း။

  (၇) တာဝန်ခံမှ ညွှန်ကြားမှု မပြုမီ ခွင့်ပြုချက်မရှိဘဲ မတ်တတ်ရပ်လျှင် သို့မဟုတ် တာဝန်ခံမှ သတိပေးသော်လည်း ထိုအတိုင်း လိုက်နာဆောင်ရွက်ခြင်း မပြုလျှင် လည်းကောင်း။

  (၈) တာဝန်ခံမှ "ခဲခြစ်အဖြေလွှာတွင် ရေးသားဖြေဆိုခြင်းကို ရပ်တန့်ပါ။" ဟု ပြောပြီးသည့်နောက်တွင်ပင် အဖြေများ ဆက်လက် ရေးသားဖြေဆိုနေလျှင် လည်းကောင်း။

  (၉) စာမေးပွဲ ဖြေပြီး၍ တာဝန်ခံမှ ခဲခြစ်အဖြေလွှာများ လိုက်လံသိမ်းယူနေသော်လည်း အပ်နှံခြင်း မပြုလျှင် လည်းကောင်း။

  (၁၀) စာမေးပွဲ ဖြေနေစဉ် ပီကေ သို့မဟုတ် သကြားလုံး စသည်ကို စားနေကြောင်း သို့မဟုတ် သောက်စရာတစ်ခုခု သောက်နေကြောင်း တွေ့ရှိလျှင် လည်းကောင်း။

  (၁၁) ထိုမှတပါး တာဝန်ခံမှ သတိပေးသော်လည်း ထိုအတိုင်း လိုက်နာဆောက်ရွက်ခြင်း မရှိလျှင် လည်းကောင်း။

- အောက်ပါတို့ကို ပြုလုပ်ပါက အနီကတ် ပြပြီး ကျရှုံးခြင်း / စာမေးပွဲခန်းမှ ထွက်သွားခြင်းဟု သတ်မှတ်ပြီး အမှတ်ရမည်မဟုတ်။

  [**အနီကတ်** = **ကျရှုံးခြင်း / စာမေးပွဲခန်းမှ ထွက်သွားခြင်း**] (အနီကတ် ၁ ခါ ပြခံရလျှင် ကျရှုံးခြင်း / စာမေးပွဲခန်းမှ ထွက်သွားခြင်း)

(၁) စာမေးပွဲ ဖြေဆိုသူသည် စာမေးပွဲဖြေခွင့်လက်မှတ်ပေါ်မှ ပုဂ္ဂိုလ်နှင့် မတူလျှင်လည်းကောင်း။

(၂) စာမေးပွဲ ဖြေနေစဉ် အခြားသူ၏ ခဲခြစ်အဖြေလွှာတွင် အဖြေများ ရေးသားလျှင် သို့မဟုတ် ရေးသားစေလျှင်၊ မေးခွန်းစာရွက်နှင့် ခဲခြစ်အဖြေလွှာကို လဲလှယ်လျှင် လည်းကောင်း။

(၃) စာမေးပွဲ ဖြေနေစဉ် စာခိုးကူးမည့် စာရွက်နှင့် အကိုးအကားစာအုပ်ကို ကြည့်ရှုလျှင် သို့မဟုတ် စမတ်ဖုန်းသုံးခြင်း အပါအဝင် စာခိုးချခြင်း ပြုလုပ်လျှင် လည်းကောင်း။

(၄) အသုံးပြုခွင့် မရှိသော ဂဏန်းပေါင်းစက်ကို သုံးလျှင် လည်းကောင်း။

(၅) မေးခွန်းစာရွက် သို့မဟုတ် ခဲခြစ်အဖြေလွှာကို စာမေးပွဲခန်းထဲမှ ပြင်ပသို့ ထုတ်ယူသွားလျှင် လည်းကောင်း။

(၆) တာဝန်ခံမှ "ထွက်၍ ရပါပြီ" ဟု မပြောမီ စာမေးပွဲခန်းထဲမှ ထွက်သွားလျှင် လည်းကောင်း။

(၇) မေးခွန်းများ သို့မဟုတ် အဖြေများကို တစ်ခုခုတွင် ကူးရေးပြီး စာမေးပွဲခန်းထဲမှ ပြင်ပသို့ ထုတ်ယူသွားလျှင် လည်းကောင်း။

■ စာမေးပွဲကို အကြိမ်ကြိမ် လျှောက်လွှာတင်ခြင်း အပါအဝင် မသမာသော နည်းလမ်းများဖြင့် စာမေးပွဲ ဖြေဆိုခြင်း သို့မဟုတ် ဖြေဆိုရန် ကြိုးပမ်းခြင်းတို့ကို ပြုလုပ်သူအား ထိုစာမေးပွဲကို ဖြေခွင့် ပြုမည်မဟုတ်။ ထို့အပြင် စာမေးပွဲ အောင်သွားလျှင်ပင် အောင်မြင်မှုကို ပယ်ဖျက်ပြီး စာမေးပွဲကို အများဆုံး ၅ နှစ်အထိ ဖြေခွင့် မပြုသည့်အခါလည်း ရှိပါသည်။

■ စာမေးပွဲဖြေဆိုသူသည် မသမာမှု ကျူးလွန်ခြင်းကြောင့် နောက်ဆက်တွဲ အခက်အခဲ ကြုံတွေ့စေကာမူ OTAFF သည် တာဝန်ယူခြင်း သို့မဟုတ် ဝတ္တရားအဖြစ် ခံယူခြင်း စသည်တို့ကို ပြုမည်မဟုတ်။ စာမေးပွဲကြေးကိုလည်း ပြန်အမ်းမည်မဟုတ်။

(၈) သတိပြုရမည့် အခြားအချက်များ

(၁) စာဖြေဌာနတွင် ဓာတ်ပုံ၊ ဗီဒီယို စသည်တို့ ရိုက်ကူးခြင်း သို့မဟုတ် အသံသွင်းခြင်းကို မပြုရ။

(၂) ဆေးလိပ် သောက်လိုလျှင် သတ်မှတ်ထားသော နေရာတွင် သောက်ပါ။

(၃) စာဖြေဌာနရှိ မဝင်ရကန့်သတ်ဇရိယာများကို လုံးဝ မဝင်ရ။

(၄) စာဖြေဌာနရှိ မည်သည့်စက်ပစ္စည်းများကိုမှ မထိမကိုင်ရ။

(၅) စာဖြေဌာနတွင် ကလေးငယ် ထားခန်း သို့မဟုတ် ကလေးများအတွက် အခန်းများ မရှိပါ။

(၆) စာဖြေဌာနတွင် စာမေးပွဲ ဖြေဆိုသူသာ ဝင်ရောက်ခွင့် ပြုမည်။ (အခြားသူကို ခေါ်၍ ဝင်ခွင့်မပြု)

(၇) စာမေးပွဲနေ့တွင် စာမေးပွဲဖြေမည့်သူကို ဖုန်း စသည်ဖြင့် လှမ်းခေါ်ခြင်း သို့မဟုတ် မက်ဆေ့ချ် ပို့ခြင်းတို့ ပြုမည်မဟုတ်။

## ၁၀။ အောင်စာရင်း ကြေညာခြင်းနှင့် အောင်လက်မှတ်

(၁) အောင်စာရင်း ကြေညာခြင်း

စာမေးပွဲအစီအစဉ်အားလုံး ပြီးဆုံးပြီးနောက် ၃ ပတ်ခန့်အတွင်း အောင်မြင်/ကျရှုံး ရလဒ်များကို OTAFF ၏ ပင်မဝဘ်စာမျက်နှာနှင့် မိုင်ပေ့ဂျ်အကောင့်ရှိ "စာမေးပွဲဖြေဆိုမှုမှတ်တမ်း" တွင် ကြည့်ရှုနိုင်ပါသည်။ စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာရေးသည် ရုံးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စများကြောင့် ပိုမို နောက်ကျတတ်ပါသည်။

အသေးစိတ် သိရှိလိုပါက "တစ်နှစ်တာအချိန်ဇယား" (https://otaff1.jp/schedule/schedule_jp.pdf) တွင် ကြည့်ရှုစစ်ဆေးပါ။ မှတ်ပုံတင်ထားသော အီးမေးလ်လိပ်စာထံသို့လည်း အောင်စာရင်း ထုတ်ပြန်ပြီဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ပါမည်။ အောင်စာရင်းနှင့် ပတ်သက်သည့် စုံစမ်းမေးမြန်းမှုများကို ပြန်လည်ဖြေကြားမည် မဟုတ်ပါ။

(၂) အောင်လက်မှတ်ကို ဒေါင်းလုဒ်လုပ်ခြင်း

၂၀၂၀ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ ကျင်းပလျက် ရှိသော စာမေးပွဲများ၏ အောင်စာရင်းများ ကြေညာပြီးနောက်တွင် အောင်လက်မှတ်များကို စာမေးပွဲအောင်သူ၏ မိုင်ပေ့ဂျ်အကောင့်တွင် အပ်ပ်လုဒ် တင်ပေးပါမည်။

မိုင်ပေ့ဂျ်အကောင့်ရှိ "စာမေးပွဲဖြေဆိုမှုမှတ်တမ်း" မှနေ၍ ဒေါင်းလုဒ် လုပ်နိုင်သောကြောင့် လိုအပ်သည့်အခါ မိမိဘာသာ ပရင့်ထုတ်ပါ။

OTAFF မှ ဒေါင်းလုဒ်လုပ်ပြီး ပရင့်ထုတ်ပေးမည်မဟုတ်ပါ။

(၃) အောင်လက်မှတ် အကျုံးဝင်သောသက်တမ်း

အောင်လက်မှတ် အကျုံးဝင်သောသက်တမ်းသည် အောင်လက်မှတ် ထုတ်ပေးသည့်နေ့မှစ၍ ၁၀ နှစ်ကြာ ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ နေထိုင်ခွင့်အသိအမှတ်ပြုကတ် ထုတ်ပေးခြင်း သို့မဟုတ် နေထိုင်ခွင့်အမျိုးအစား အပြောင်းအလဲ ပြုလုပ်ခြင်းတို့အတွက် လျှောက်ထားသည့်အခါ အောင်လက်မှတ် လိုအပ်ပါသည်။

(သတိပြုရမည့် အချက်များ)

■ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့အတွင်း ဖြေဆိုခဲ့သူ၏ အောင်လက်မှတ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့အတွင်း ဖြေဆိုခဲ့သူ၏ အောင်လက်မှတ်ကို စာမေးပွဲအောင်မြင်သူ မှတ်ပုံတင်ထားသော ဂျပန်နိုင်ငံအတွင်းမှ လိပ်စာသို့ ပေးပို့လျက် ရှိပါသည်။
  သို့သော် မှတ်ပုံတင်ထားသောလိပ်စာ မှားယွင်းနေပါက သို့မဟုတ် အိမ်ပြောင်းခြင်း စသည်တို့ကြောင့် အောင်လက်မှတ် မရောက်ပါက OTAFF ထံ အောင်လက်မှတ် ပြန်ရောက်နေတတ်၍ ထိုအခြေအနေမျိုးတွင် OTAFF ထံ ဆက်သွယ်စုံစမ်းပါ။
- ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့အတွင်း ဖြေဆိုခဲ့သူသည် အောင်လက်မှတ် ပျောက်ဆုံးပါက ၁ ကြိမ်သာ ပြန်ထုတ်ပေးမည်။
  သို့သော် အောင်လက်မှတ်၏ သက်တမ်းအတွင်းတွင်သာ ပြန်ထုတ်ပေးပါမည်။
- အောင်လက်မှတ် ပြန်ပို့ပေးစေလိုပါက သို့မဟုတ် ပြန်ထုတ်ပေးစေလိုပါက စာမေးပွဲအောင်သူကိုယ်တိုင် OTAFF ထံ အီးမေးလ် သို့မဟုတ် ဖုန်းဖြင့် ဆက်သွယ်ပါ။
- ပြန်ပို့ပေးရန် သို့မဟုတ် ပြန်ထုတ်ပေးရန်အတွက် ပြင်ဆင်ရန်အလို့ငှာ ၁ လခန့် ကြာပါမည်။
- အောင်လက်မှတ်ကို "ပစ္စည်းရောက် ငွေချေ" ဖြင့် ပို့ပေးမည်ဖြစ်၍ လက်ခံရရှိသည့်အခါ ကျသင့်ငွေ ပေးချေပါ။
- အောင်လက်မှတ် ပြန်ပို့ပေးရမည့် လိပ်စာ သို့မဟုတ် ပြန်ထုတ်ပေးပြီး ပို့ပေးရမည့် လိပ်စာသည် ဂျပန်နိုင်ငံအတွင်းသာ ဖြစ်ရပါမည်။

[ဆက်သွယ်ရန်လိပ်စာ]
အီးမေးလ် tokutei@otaff.or.jp
ဖုန်းနံပါတ် ၀၃-၆၂၆၁-၄၉၄၉ (ရုံးဖွင့်ရက်အတွင်းသာ မနက် ၉:၀၀ မှ နေ့လယ် ၁၂:၀၀ အတွင်း သို့မဟုတ် နေ့လယ် ၁၃:၀၀ မှ ညနေ ၁၇:၀၀ အတွင်း)
ပင်မဝဘ်စာမျက်နှာ https://otaff.or.jp/

(၄) စာမေးပွဲအောင်မြင်မှုကို ပယ်ဖျက်ခြင်း

အောင်လက်မှတ်ကို လွှဲပြောင်းပေးပြီးမှ အောက်ပါ နံပါတ် (၁) မှ (၃) အထိ မသမာမှုများ ကျူးလွန်ခဲ့ကြောင်း တွေ့ရှိပါက စာမေးပွဲအောင်မြင်မှုကို ပယ်ဖျက်မည်။

(၁) စာမေးပွဲမေးခွန်း စသည်တို့ကဲ့သို့ လျှို့ဝှက်ကိစ္စများနှင့် စပ်လျဉ်း၍ စာမေးပွဲနှင့် ပတ်သက်သူများထံ အချက်အလက်များ တောင်းခံခြင်းနှင့် လက်ခံရယူခြင်း ပြုလုပ်လျှင် လည်းကောင်း။
(၂) မိုင်ပေ့ဂျ်အကောင့်တွင် မှတ်ပုံတင်ထားသော အချက်အလက်များ၌ ရည်ရွယ်ချက်ရှိရှိ လိမ်လည်မှုများ ကျူးလွန်ထားလျှင် လည်းကောင်း။
(၃) ထို့အပြင် စာမေးပွဲဖြေဆိုခြင်းနှင့် ပတ်သက်၍ အခြားလိမ်လည်မှုများ ကျူးလွန်ထားလျှင် လည်းကောင်း။

စာမေးပွဲအောင်မြင်မှု ပယ်ဖျက်ကြောင်းကို စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနထံ သတင်းပို့တိုင်ကြားသွားပါမည်။
ပယ်ဖျက်ခံရသူထံသို့လည်း စာမေးပွဲအောင်မြင်မှု ပယ်ဖျက်ကြောင်း အကြောင်းကြားခြင်းနှင့်အတူ မိုင်ပေ့ဂျ်အကောင့်တွင် အပ်ပ်လုဒ် တင်ပေးထားသော အောင်လက်မှတ်ဒေတာကိုလည်း ပယ်ဖျက်ပါမည်။ (၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက်နေ့အတွင်း စာမေးပွဲဖြေခဲ့သူ၏ အောင်လက်မှတ်ဆိုလျှင် စာတိုက်မှ ပေးပို့လျက် ရှိသောကြောင့် OTAFF ထံ ပြန်လည်ပေးပို့ရပါမည်။)
ထို့အပြင် စာမေးပွဲဖြေဆိုခွင့်ကို အများဆုံး ၅ နှစ်ထိ ပိတ်ပင်သည့်အခါလည်း ရှိပါသည်။

## ၁၁။ ကိုယ်ရေးအချက်အလက်များ ကိုင်တွယ်စီမံခြင်း

ဤစာမေးပွဲတွင် ဖြေဆိုသူမောင်မယ်များထံမှ ရရှိထားသော ကိုယ်ရေးအချက်အလက်များကို ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဆိုင်ရာ ဥပဒေ (၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်သော ဥပဒေအမှတ် ၅၇) စသည်တို့နှင့် အညီ အလေးထား၍ ကိုင်တွယ်စီမံသွားပါမည်။
မိုင်ပေ့ဂျ်အကောင့်တွင် မှတ်ပုံတင်ထားသော ကိုယ်ရေးအချက်အလက်များကို OTAFF ၏ စာမေးပွဲအတွက်သာ အသုံးပြုပါမည်။ အခြားသူများထံ ပြောကြားခြင်း ပြုမည်မဟုတ်ပါ။
OTAFF မှ စာမေးပွဲ ကျင်းပရန်အလို့ငှာ ပြင်ပအဖွဲ့အစည်းထံ အလုပ်အပ်နှံပါက စာမေးပွဲကျင်းပရန် လိုအပ်သော အတိုင်းအတာထိသာ ကိုယ်ရေးအချက်အလက်ကို ပေးအပ်ပါမည်။ ထိုသို့ အလုပ်အပ်နှံရပါက OTAFF သည် မိမိနှင့် ကန်ထရိုက်တာကြားတွင် ကိုယ်ရေးအချက်အလက်များ ကိုင်တွယ်စီမံခြင်းဆိုင်ရာ စာချုပ်ကို ချုပ်ဆိုပြီး သင့်လျော်သလို ကြီးကြပ်ဆောင်ရွက်မှု ပြုလုပ်ပါမည်။
သို့သော် ဥပဒေနှင့် စည်းမျဉ်းများအပေါ် အခြေခံ၍ အစိုးရမှ တောင်းခံလာပါက အစိုးရထံ ထိုအချက်အလက်များ ပြောကြားရသည့်အခါလည်း ရှိပါသည်။
မိုင်ပေ့ဂျ်အကောင့်တွင် မှတ်ပုံတင်ထားသော အချက်အလက်များအနက် နေထိုင်ရာ တိုင်း/ခရိုင်/စီရင်စုအမည်များနှင့် စစ်တမ်း ကောက်ယူထားသော အကြောင်းအရာ စသည်တို့နှင့် ပတ်သက်၍ မည်သူတို့၏ အချက်အလက် ဖြစ်ကြောင်း မသိရှိစေဘဲ ကောက်ယူစုစည်းခြင်းနှင့် ထိုစုစည်းထားသည်များကို ထုတ်ပြန်ကြေညာခြင်းတို့ ပြုလုပ်သည့်အခါလည်း ရှိနိုင်ပါသည်။